ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်

Yangon Protestant Reformed Church

တနင်္ဂနွေစာစောင်၊ နံပတ် (၉၆)

နေ့စွဲ – ၂၆. ၂. ၂၀၁၂

## အသင်းတော်၏ညီညွတ်ခြင်းအကြောင်း(The Unity of the Church)

အသင်းတော်၏သန့်ရှင်းခြင်းအကြောင်း၊ ကမ္ဘာလုံးဆိုင်ရာဖြစ်သည့်အကြောင်း၊ တမန်တော်များ၏အသင်းတော်ဖြစ်သည့်အကြောင်းများကို ကျွန်တော်တို့ ပြောဆိုခဲ့ကြပြီဖြစ်သည်။ ၎င်းတို့အပြင် အသင်းတော်၏ဂုဏ်လက္ခဏာတမျိုးရှိပါသေးသည်၊ ၎င်းမှာ အသင်းတော်၏ညီညွတ်ခြင်းဖြစ်သည်။

အသင်းတော်၏ညီညွတ်ခြင်းဟု ကျွန်တော်တို့ပြောသည့်အခါ၊ အခြေခံအားဖြင့် အသင်းတော်တခုတည်း၊ ခရစ်တော်၏ ကိုယ်ခန္ဓာ တခုတည်းသာရှိပါသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ခရစ်တော်ထံတွင် ခန္ဓာတခုထက်ပို၍မရှိပါ။

ထို အသင်းတော်၏ညီညွတ်ခြင်းကို လွယ်လွယ်တော့မတွေ့နိုင်ပါ၊ အဘယ့်ကြောင့်ဆိုသော် အသင်းတော်အမြောက်အများ ရှိနေ၍ဖြစ်သည်။ ထိုသို့မြောက်များစွာကွဲပြားနေရခြင်း၏အကြောင်းမှာ အများအားဖြင့် အသင်းတော်များနှင့်အသင်းသူ/သားများ ၏ အပြစ်များမှု၊ အားနက်ချက်များကြောင့်ဖြစ်ပါသည်။ တချို့သောအသင်းတော်တို့မှာ ကောင်းသောရည်ရွယ်ချက်အတွက် ပေါ် လာကြခြင်းဖြစ်သည်။

ထို့အပြင် နေရာဒေသနှင့်ပြောဆိုသောစကားတို့ကြောင့်လည်း မြင်ရသောအသင်းတော်သည် တခုတည်းသော မဖြစ်နိုင်ရခြင်းလည်း ဖြစ်ပါသည်။ ထိုခြားနားချက်များကို ကောင်းကင်သစ်မြေကြီးသစ်တွင်သာ ဖယ်ရှားမည်ဖြစ်သည် (ဗျာ ၂၁း၁)။ ကောင်းကင်တွင် အက္ခာအဝေး၊ ပြောဆိုသောစကားခြားနားမှု၊ အခြားကွာခြားမှုမျိုးစုံတို့ ရှိကြတော့မည်မဟုတ်ပါ။

မြေကြီးပေါ်လက်ရှိအချိန်တွင်တော့ အသင်းတော်နှင့်၎င်း၏အသင်းသူ/သားတို့၏အပြစ်အားနည်းချက်များကြောင့် ထိုသို့ ညီညွတ်ခြင်းသည် အတော်ခက်ခဲပါသည်၊ သို့သော် မဖြစ်နိုင်ခြင်းတော့မဟုတ်ပါ။ ဩဝါဒများတွင်ခြားနားမှု၊ လက်တွေ့လုပ်ကိုင်ခြင်းတွင် ခြားနားမှုတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို နားမလည်သော၊ မနာခံချင်သော အပြစ်ရှိခြင်း၏ပျက်ကွက်မှုကြောင့်ဖြစ်ပါသည်။ ထိုပျက်ကွက်မှုက ယုံကြည်သူများကို တကွဲတပြားလည်းဖြစ်စေပါသည်။

အပြစ်က အသင်းတော်၏ညီညွတ်ခြင်းကို ပျက်ဆီးစေလျှက်၊ ယုံကြည်သူများကို တကွဲတပြားဆီဖြစ်စေသောကြောင့် ခရစ် ယာန်တို့သည် မိမိတို့တတ်နိုင်သလောက်အစွမ်းကုန် ထိုအားနည်းချက်ကို ကျော်လွှားနိုင်ရန် အစဉ်ကြိုးပမ်းနေရမည်ဖြစ်သည်။ နှုတ် ကပတ်တော်ကို လေ့လာလျှက်၊ တဦးနှင့်တဦးထံ မိမိတို့ဘာကိုယုံကြည်ကြောင်း ပြောပြလျှက် ခြားနားမှုများကို ကျော်လွှားနိုင်ရန် အားထုတ်ရပါမည်။ ကွဲပြားခြင်းကို သည်းမခံကြရပါ။ အသင်းတော်များအရ ညီညွတ်ခြင်း မဖြစ်နိုင်ဟုသချာနေသည့်တိုင်၊ ခရစ် ယာန်တို့သည်အခြားသောခရစ်ယာန်တို့နှင့် ဖြစ်နိုင်သလောက် ပေါင်းသင်းဆက်ဆံကြရပါမည်။ မိမိတို့အဖွဲ့ထဲမပါသူတို့ကို ခရစ် ယာန် မဟုတ်သူများကဲ့သို့ မထင်မှတ်သင့်ကြပါ။

သို့သော် ခရစ်ယာန်တို့သည် အမှန်တရားကိုစွန့်ပစ်ရသည့်တိုင်အောင်တော့ ညီညွတ်ဖို့ကို မကြိုးစားသင့်ပါ။ သူတို့သည် အမှန်တရားကို ဝယ်သာဝယ်ရမည်၊ မရောင်းရပါ (သုတ္တံ ၂၃း၂၃)။ ထိုနေရာတွင် အသင်းတော်များပေါင်းစည်းရေးအဖွဲ့များ မှားနေကြခြင်းဖြစ်သည်။ ၎င်းတို့သည် ဘာသာရေးအဖွဲ့မျိုးစုံကို တခုတည်းရောနှောလျှက် တန်ဖိုးမရှိသောအရာတခုကို ဖန်တည်းဖို့ကြိုးပမ်းသူများဖြစ်ကြသည်။ ထိုသို့ပြု၍ ညီညွတ်ခြင်းအစစ်ကိုမရနိုင်ပါ။

ညီညွတ်ဖို့ ကြိုးပမ်းလျှက်၊ ဆုတောင်းလျှက်၊ ယုံကြည်သူတို့သတိရသင့်သည်မှာ ထိုညီညွတ်ခြင်းသည် မျိုးကွဲများစွာဖြစ်လျှက်ညီညွတ်ခြင်း(unity in diversity)ကိုဆိုလိုကြောင်းဖြစ်သည်။ အသင်းတော်၏ညီညွတ်ခြင်းဆိုသည်မှာ ခရစ်ယာန်များအားလုံးတပုံစံတည်းဖြစ်ကြခြင်းကို ဆိုလိုသည်မဟုတ်။ တနေရာ၌ရှိနေသောအသင်းတော်သည် နောက်တနေရာရှိအသင်းတော်၏ မိတ္တူကူထားချက်မျိုးဖြစ်ရမည်ဟုမဆိုလိုပါ။

ပေါလုက ၁ကော၊ အခန်းကြီး(၁၂)တွင်၎င်းကို ရှင်းနေအောင်ပြောပြပါသည်။ ပုံစံမတူ ကွဲပြားသောအသင်းသူ/သားများ၊ ဘုရားပေးသောလက်ဆောင်များ မျိုးစုံကွဲပြားစွာ ရှိနေသည်ဟုပြောသည်သာမကပါ၊ အသင်းသူ/သားတယောက်တိုင်း မရှိမဖြစ်အရေးပါကြသည်။ ထိုအချက်ကို ကျွန်တော်တို့ ခဏခဏမေ့တတ်ကြပါသည်။ ထိုသို့ဖြစ်မှသာ အသင်းတော်သည် ခရစ်တော်၏ ကိုယ်ခန္ဓာဖြစ်နေပါမည်။

မည်သို့ပင်ဖြစ်ပါစေ၊ အပြစ်ကို နောက်ဆုံးပိတ် နိဂုံးချုပ်ပေးချိန်ထိ ကွဲပြားခြင်းများ ရှိကိုရှိနေပါမည်။ ထို့အတွက်ကြောင့် အသင်းတော်များ၏ညီညွတ်ခြင်းသည် ယခုချိန်တွင်တော့ ယုံကြည်ခြင်းဖြင့်သာမြင်နိုင်ပါသည်။ “သန့်ရှင်းသော ကမ္ဘာလုံးဆိုင်ရာဖြစ်သည့်၊ တမန်တော်များ၏အသင်းတော်ဖြစ်သည့် အသင်းတော်တခုတည်းသာရှိသည်”ဟု နိုင်စင်းယုံကြည်ချက်ကပြောသလို ခရစ်ယာန်တို့ကလည်း ယုံကြည်ကြပါသည်။

ထို့ကြောင့် ခရစ်ယာန်တို့သည် အသင်းတော်၏ညီညွတ်နေခြင်းအမှန်တရားနှင့်ပတ်သက်၍ ယခုမြင်နေရသည့်ပုံစံကို အဆုံးဟုမယူဆဘဲ၊ ယုံကြည်ခြင်းနှင့်ကြည့်မြင်ရမည်ဖြစ်ပါသည် (၂ကော ၅း၇)။ ထိုအချက် အရေးကြီးလှပါသည်။ ယုံကြည်ခြင်းက ခရစ် ယာန်တို့ကို အသင်းတော်၏အားနည်းချက်များ၊ အမှားများ၊ ကွဲပြားနေခြင်းများ တွေ့နေကြသော်လည်း အသင်းတော်ကိုမစွန့်ပစ်ဘဲ နေစေမည်ဖြစ်သည်။

ထို့သို့ယုံကြည်ခြင်းသည် အချည်းနှီးမဲ့မဟုတ်ပါ။ ခရစ်တော်ပြန်လာသောအခါ သူက "အားလုံးကို တစုတည်းသို့ စုစည်းမည်ဖြစ်ပါသည်" (ဧဖက် ၁း၁၀)။ ထို့နောက် အပြစ်ကို ခြေမှုန်းပစ်လိုက်ပါမည်။ ထိုအခါ ကွဲပြားနိုင်ခြေရှိမှုသည်ပင် ပျောက်သွားတော့မည်ဖြစ်သည်။

## ဓမ္မဟောင်းနှင့်ဓမ္မသစ်ရှိအသင်းတောအကြောင်း(The Church in the Old and New Testaments)

အသင်းတော်၏ညီညွတ်နေခြင်းအမှန်တရား၏ အလွန်အရေးကြီးသောရှုထောင့်တခုမှာ ၎င်း၏ ဓမ္မဟောင်း၊ ဓမ္မသစ်ကြား ညီညွတ်နေခြင်းဖြစ်ပါသည်၊ ဆိုလိုသည်မှာ အစ္စရေးသည် ဓမ္မဟောင်း၏အသင်းတော်ဖြစ်ပြီး၊ ဓမ္မသစ်၏အသင်းတော်သည် ဘုရားသခင်၏အစ္စရေးအစစ်ဖြစ်ပါသည်။ အနည်းငယ်ကသာ ဤအမှန်တရားကို သိမြင်ကြပုံရပါသည်၊ သို့သော် ကျမ်းစာကတော့ ၎င်းအချက်အပေါ်တွင် ရှင်းနေပါသည်။

အစ္စရေးသည် အသင်းတော်၊ အသင်းတော်သည် အစ္စရေးဖြစ်သည်။ ၎င်းအမှန်တရားသည် ကလေးငယ်များအား ဗတ္တိဇံပေးရခြင်း၏အဓိကအကြောင်းအရင်းဖြစ်သည်(အသင်းတော်တခု၊ ထို့ကြောင့် ပဋိညာဉ်တခု၊ ပဋိညာဉ်၏နိမိတ်လက္ခဏာတခု)။ ထို့အတူ၊ ထိုသို့နားလည်ခြင်းသည် ဒစ်စပင်ဆေးရှင်းသြဝါဒ၏အမှားများကို ရှောင်ရှားနိုင်ဖို့ရန် မရှိမဖြစ်အချက်ဖြစ်သည်။ ဒစ်စပင်ဆေးရှင်းဝါဒက အသင်းတော်နှင့်အစ္စရေးသည် လုံးဝမတူသောလူနှစ်စုဖြစ်သည်၊ အနာဂတ်နှစ်မျိုးရှိသည်ဟု သွန်သင်ကြသည်။

တမန်တော်ဝတ္ထု(၇း၃၈)ကအသင်းတော်နှင့်အစ္စရေးသည် အတူတူဖြစ်ကြောင်းရှင်းစွာပြောပါသည်။ ထိုနေရာတွင် အစ္စရေးကို "သဲကန္တာရထဲရှိအသင်းတော်"ဟုခေါ်ပါသည်(the church in the wilderness ယုဒသန်ဘာသာပြန်ကျမ်းတွင်ထိုသို့မပြောသဖြင့်မြန်မာတို့အတွက်ခက်ပါသည်)။ ဤကျမ်းပိုဒ်က ဓမ္မသစ်ကျမ်းစာတွင် အသင်းတော်အတွက်သုံးသောစကားလုံးကို အစ္စရေးတို့အတွက်သုံးထားပါသည်။

ဖိလိပ္ပိသြဝါဒစာ ၃း၃ သည်နောက်ကျမ်းပိုဒ်တခုဖြစ်သည်။ ထိုနေရာတွင် ပေါလုက အစ္စရေးမဟုတ်သော ခရစ်ယာန်များကို "အဘယ့်ကြောင့်ဆိုသော် ငါတို့သည် အရေဖျားလှီးခြင်းခံသူများဖြစ်သည်"ဟုပြောထားပါသည်၊ (ထို့အတူ ရောမ ၃း၂၈၊ ၂၉၊ ဂလာ ၃း၂၉ တို့ကလည်း ပြောနေပါသည်)။ ဘုရားသခင်ကို ဝိညာဉ်နှင့်ဝတ်ပြုသူအားလုံး၊ သခင်ယေရှုခရစ်ကို ချစ်မြတ်နိုးသူအားလုံးသည် စစ်မှန်သောဂျူး၊ ဘုရားသခင်၏အစ္စရေးဖြစ်ကြပါသည်။

ကျမ်းစာကပြောသလိုပြောရလျှင်၊ စစ်မှန်သောဂျူးဖြစ်ဖို့ရန် အာဗြဟံ၏သားသမီးဖြစ်စရာမလိုအပ်ပါ၊ သူ၏မျိုးနွယ်ဆက်ဖြစ်စရာမလိုပါ၊ သွေးသားတော်စပ်စရာမလိုအပ်ပါ။ ထိုအသွေးအသားတော်စပ်မှုနှင့်ပတ်သက်၍ ကျမ်းစာကပြောသည်မှာ "ဘုရားသခင်သည် ထိုကျောက်တုံးများမှ အာဗြဟံ၏သားသမီးများကို ထွက်လာစေနိုင်ပါသည်" ဟူ၍ဖြစ်သည် (လုကာ ၃း၈)။

ကျမ်းစာအရ ဂျူးအစစ်ဆိုသည်မှာ ကတိတော်၏တန်ခိုးတော်ဖြင့် မွေးဖွားလာသူဖြစ်သည် (ရောမ ၉း၈)။ အာဗြဟံတွင်ရှိသည် ယုံကြည်ခြင်းမျိုး တူညီစွာရှိသူဖြစ်သည် (ဂလာ ၃း၈၊၉)။ အာဗြဟံကဲ့သို့ ခရစ်တော်၏ပိုင်ဆိုင်ခြင်းခံရသူဖြစ်သည် (ဂလာ ၃း၂၉)။ နှလုံးသားအရေဖျားလှီးခြင်းခံသူဖြစ်သည် (ရောမ ၃း၂၉)။ ထိုသို့မဟုတ်သူများကို ဂျူးဟု ကျမ်းစာက မသတ်မှတ်ပါ (ရောမ ၂း၂၈)၊ ကတိတော်များနှင့် ဘာမှမဆိုင်ကြပါ (တမန် ၂း၃၉)။

အစ္စရေးနှင့်အသင်းတော် တဖွဲ့တည်းဖြစ်ကြောင်းကို ဟောရှေအနာဂတ္တိကျမ်း ၁း၁၀၊ ၁၁ က ပို့ရှင်းအောင်ပြောနေပါသည်၊ ထိုကျမ်းပိုဒ်များကို ရောမ ၉း၂၄–၂၆ တွင် ထပ်မံကိုးကားဖေါ်ပြပါသည်။ အာမုတ်အနာဂတ္တိကျမ်း ၉း၁၁–၁၅ ကလည်းပြောနေပါသည်၊ ၎င်းကျမ်းပိုဒ်များကို တမန် ၁၅း၁၃–၁၇ တွင် တပ်မံကိုးကားဖေါ်ပြပါသည်။ ဟောရှေအနာဂတ္တိကျမ်းပိုဒ်များက ဂျူဒနှင့်ဗင်ဂျမင်အနွယ်တို့ကို စွန့်ပစ်ထွက်ခွာသွားကြသော အစ္စရေးဆယ်နွယ်တို့ ပြန်လာကြမည့်အကြောင်းကို ပြောပြပါသည်။ ထိုအနာဂတ်ဟောချက်သည် ဓမ္မသစ်အသင်းတော်များအား စုစည်းနေခြင်းတွင် ပြည့်စုံနေပြီဖြစ်ကြောင်း ရောမ ၉း၂၄–၂၆ ကပြောပြပါသည်။

အာမုတ်အနာဂတ္တိကျမ်း ၉း၁၁–၁၅ တွင် အစ္စရေးနိုင်ငံ မိမိ၏နေရာတွင် ပြန်တည်ထောင်မည့်အကြောင်း၊ ဗိမ္မာန်တော်ပြန်ဆောက်မည့်အကြောင်းကို ဖတ်ကြရသည်။ သို့သော် တမန်တော်ဝတ္ထု(၁၅)က ထိုအနာဂတ်ဟောချက်သည် ဓမ္မသစ်အသင်းတော်သို့ အစ္စရေးမဟုတ်သောအခြားလူမျိုးများ ဝင်ရောက်ကြခြင်းတွင် ပြည့်စုံနေပြီဟု ရှင်းစွာပြောပြပါသည်။ ပျက်ဆီးပြိုကျနေပြီဖြစ်သော ဒေးဗစ်၏တဲကို ပြန်တည်ဆောက်ခြင်းဆိုသည်မှာ ဘုရားသခင်က ဂျူးမဟုတ်သောလူမျိုးများကို သူ့နာမည်ဖြင့်ဆုတောင်းနိုင်ကြရန် ခေါ်တော်မူခြင်းကို ရည်ညွှန်းပါသည်ဟု ရှင်းစွာပြောနေပါသည်(တမန် ၁၅း၁၄–၁၆)။

ဤအမှန်တရားကို ရှင်းစွာမြင်မှသာ ဓမ္မကျမ်းများ၊ ဓမ္မသစ်ကျမ်းများသည် ကျွန်တော်တို့ ခရစ်ယာန်များအတွက် ရေးထားကြပါသည်ဟု သဘောပေါက်နိုင်မည်ဖြစ်သည်။ ကျမ်းစာ၏ကတိတော်များ၊ သတိပေးချက်များအားလုံးသည် တခြားလူများအတွက်ရေးနေခြင်းမဟုတ်၊ ကျွန်တော်တို့အတွက်၊ ကျွန်တော်တို့ သားသမီးများအတွက် ရေးထားခြင်းဖြစ်ပါသည်။ ထိုအခါ ဓမ္မဟောင်းကျမ်းစာများကိုဖတ်ရခြင်းသည် အတော်လေးခြားနားသွားပါသည်။ ထို့နောက် ကျွန်တော်တို့သည် မိမိတို့မျက်လုံးများအပေါ် အဖုံးအကာအုပ်လျက် ဖတ်ခြင်းမျိုးမဟုတ်တော့ဘဲ၊ နားလည်ခြင်း အကျိုးအမြတ်ရခြင်းဖြင့် ဖတ်ရှုခြင်းမျိုးဖြစ်လာပါသည်။

## အသင်းတော်ထဲရှိဌာနများအကြောင်း(The Offices in the Church)

ကောင်းကင်သို့တက်သွားပြီးနောက် ကျွန်တော်တို့၏သခင်ဘုရားသည် အသင်းတော်တွင် မျိုးစုံသောဌာနများကို တည်ထောင်ပါသည်(ဧဖက် ၄း၁)။ ထိုဌာနများကို တည်ထောင်ရခြင်းမှာ၊ ထိုဌာနများတွင်လုပ်ကိုင်သူများက သူ့ကို ကိုယ်စားပြုနိုင်ရန်၊

ထိုဌာနများမှနေ၍ သူ့ကိုအမှုဆောင်ပေးနိုင်ရန်ဖြစ်ပါသည်။ သခင်ယေရှုသည်သာ အသင်းတော်၏ တစ်ခုတည်းသော ဦးခေါင်းနှင့် ရှင်ဘုရင် ဖြစ်နေပါသော်လည်း၊ ထိုဌာနများသည် အသင်းတော်ကောင်းမွန်စွာရှင်သန်နိုင်ရန်အတွက် လိုအပ်ချက်ဖြစ်ပါသည်။

ဌာန ဘယ်နှစ်ခုရှိသနည်း? ထိုဌာနများသဘောသဘာဝကား အဘယ်သို့နည်း?ဆိုသည်များကို ငြင်းခုံနေခဲ့ကြပါသည်။ ယနေ့တိုင် ငြင်းခုံကြဆဲဖြစ်သည်။ ထိုငြင်းခုံခြင်းသို့ ဝင်မပါဘဲ၊ ကျွန်တော်တို့ယုံကြည်သည်မှာ အသင်းတော်တွင် ဌာန သုံးမျိုးကျန်ရှိနေရှိပါသည်။ အသင်းလူကြီး၊ သင်းထောက်နှင့် သင်းအုပ်ဆရာတို့ဖြစ်ပါသည်။

ကျွန်တော်တို့က "ကျန်ရှိနေပါသည်"ဟုပြောရခြင်းမှာ၊ အသင်းတော်တွင် ယာယီဌာနများ ရှိခဲ့ဘူး၍ဖြစ်သည်။ ဥပမာ – တမန်တော်၊ ပရောဖက်နှင့်ဧဝံဂေလိဆရာ တို့ဖြစ်သည်။ ထိုယာယီဌာနများသည် မှုတ်သွင်းတော်မူသော၊ မမှားယွင်းနိုင်သော ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကြားနာသူများထံ ပို့ဆောင်ပေးခြင်းဖြင့် ဆက်နွယ်နေခဲ့ပါသည် (တမန် ၂၁း၁၀၊ ၁၁၊ ဟေဗြဲ ၂း၃–၄၊ ၂ပေ ၃း၁၅–၁၆)။ သို့သော် ယနေ့တွင် ကျွန်တော်တို့ထံ ပြည့်စုံသောကျမ်းစာ ရှိပြီဖြစ်၍ ထိုယာယီဌာနများ မလိုအပ်တော့ပါ (၂ပေ ၁း၁၉–၂၁)။

ထို့ကြောင့် အုပ်ချုပ်သူအသင်းလူကြီး၊ သင်းထောက်နှင့်သင်းအုပ်ဆရာ ဌာနတို့သာ ကျန်ရှိနေကြောင်း ရှင်းနေပါသည်။ ၎င်းတို့ကိုသာ ပေါလု၏ နောက်ပိုင်းဩဝါဒစာများ၌ ဖေါ်ပြပါသည်၊ အထူးသဖြင့် တိမောသေဩဝါဒစာ ပထမစောင်၊ တိတုဩဝါဒစာ တို့တွင်ဖြစ်သည်။ ထိုစာစောင်များ၌ ပေါလုသည် တမန်တော်များကိုဆက်ခံသူများထံ လမ်းညွှန်ချက်များ ပေးနေခြင်းဖြစ်သည်။ ထိုအချက်ကို ထိုစာစောင်များသည် အသင်းတော်ထဲ၌မည်သို့ကောင်းမွန်စွာပြုမူရမည့်ပုံများကိုပြောနေခြင်း (၁တိ ၃း၁၅)၊ လိုအပ်နေသည်များကို စနစ်တကျဖြစ်ရန်လုပ်ဆောင်ဖို့ ပြောနေခြင်း(တိတု ၁း၅) စသည့်အချက်များက ပို၍ခိုင်မာစေပါသည်။

ဓမ္မသစ်ကျမ်းစာတွင် သင်းအုပ်နှင့်သင်းလူကြီးသည် အတူတူဖြစ်ကြောင်း၊ နှစ်မျိုးစလုံးကို အသင်းလူကြီးဟုသာခေါ်ကြောင်း သက်သေပြဖို့ရေးနေခြင်းမဟုတ်ပါ။ ပြောချင်သည်မှာ ၎င်းဌာနများကို ဓမ္မသစ်ကျမ်းက သီးခြားဌာနများအဖြစ်ရှုမြင်ကြောင်း၊ ထို့ကြောင့် ၎င်းတို့တွင် သီးသန့်လုပ်ကိုင်ရမည်တာဝန်များရှိကြောင်း ပြောလို၍ဖြစ်ပါသည် (၁တိ ၃နှင့်၄)။

ကျွန်တော်တို့အလေးထားသည့်အချက်မှာ၊ ထိုဌာနသုံးမျိုးကို ခေတ်သစ်ချိန်အသင်းတော်များက လစ်လျူရှုနေကြသည် ဆိုသည့်အချက်ဖြစ်သည်။ အသင်းတော်အချို့၌သာ ဤဌာနသုံးမျိုး ရှိပါတော့သည်။ အချို့အသင်းတော်များတွင် သုံးမျိုးစလုံးရှိသော်လည်း၊ သင်းထောက်များက အသင်းလူကြီးအလုပ်များကို လုပ်နေကြသလို၊ အသင်းလူကြီးများက သင်းထောက်များအလုပ်ကို လုပ်ကိုင်နေကြခြင်းကို တွေ့နေရပါသည်။ တခါတရံ သင်းအုပ်က ဌာန သုံးမျိုးစလုံး၏အလုပ်များကို လုပ်ကိုင်နေခြင်းလည်း တွေ့ရတတ်ပါသည်။ ထို့အတူ အချို့သောအသင်းတော်များတွင် ထိုဌာနများသည် ဂုဏ်အသရေရှိသောအဆောင်အယောင်တမျိုးမျှသာ ဖြစ်နေတတ်ပါသည်။ ထိုဌာနများသို့ ရွေးချယ်ခြင်းခံရသူများသည်၊ ဝိညာဉ်ရေးအရည်အချင်းမှန်များရှိ၍ ရွေးချယ်ခြင်းမျိုးမဟုတ်တော့ဘဲ၊ ထင်ရှား၍၊ ချမ်းသာ၍ ရွေးချယ်ခြင်းများ ဖြစ်နေကြပါသည်။

ထိုသို့ပြုနေကြခြင်းသည် အသင်းတော်အကျိုးယုတ်ဖို့သာဖြစ်နေပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုဌာနများသည် ခရစ်တော်ကို ကိုယ်စားလှယ်ပြုကြသည့်နေရာများဖြစ်ကြရာ၊ ၎င်းတို့မရှိခြင်း (သို့) ပုံမှန်မဟုတ်ခြင်းသည် ခရစ်တော် ထိုဌာနများအားဖြင့် အသင်းတော်တွင် မိမိလူများအကြား ရှိနေသင့်သည်အတိုင်း ရှိမနေခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ကတော့ ထိုဌာနသုံးမျိုးသည် ခရစ်တော်၏ သုံးထပ်ကွမ်းဌာနများကို ကိုယ်စားပြုနေကြသည်ဟု ယုံကြည်ကြပါသည်။ ၎င်းတို့မှာ ပရောဖက်၊ ယဇ်ပုရောဟိတ်နှင့် ရှင်ဘုရင်တို့ဖြစ်ကြပါသည်။ ထိုအမှန်တရားသည် အထူးသဖြင့် အသင်းလူကြီးနှင့်သင်းအုပ်ဆရာတို့ထံတွင် သက်သေဖြစ်ပါသည်။ ၎င်းတို့သည် ခရစ်တော်၏ ရှင်ဘုရင်ဖြစ်ခြင်း၊ ပရောဖက်ဖြစ်ခြင်းဌာနများကို ကိုယ်စားလှယ်ပြုနေကြကြောင်း သိမြင်ဖို့မခက်လှပါ။ သင်းထောက်ဌာနကို မှန်စွာနားလည်ရလျှင် ခရစ်တော်၏ယဇ်ပုရောဟိတ်ဖြစ်ခြင်းဌာနကို ဆန့်ထုတ်ထားခြင်းဖြစ်ပါသည်။ (သို့) ထိုဌာန၏ အချို့သောရှုထောင့်များကို ကိုယ်စားပြုနေပါသည်။

အသင်းတော်၏ဌာနများက ခရစ်တော်၏ဌာနများကို ရောင်ပြန်ထင်ဟပ်နေကြသည်မှန်လျှင်၊ ၎င်းတို့သည် အသင်းတော်အတွက် အရေးအကြီးဆုံးများဖြစ်ကြပါသည်။ ယနေ့ချိန် အချို့တို့က လစ်လျူရှုကြသလို မပြုသင့်ကြပါ။ ကျွန်တော်တို့၏ မျှော်လင့်ခြင်းနှင့်ဆုတောင်းမှာ ၎င်းတို့ကို မိမိတို့နေရာမှန်သို့ ပြန်တည်ထောင်နိုင်ကြဖို့ဖြစ်ပါသည်။

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++

၂ကော ၁၁း၁–၃၃ (ကျိန်းဘုရင်မှု)

၁ – သင်တို့ ငါ၏မိုက်မဲခြင်းကို ခဏတာသည်းခံကြပါ၊ အမှန်ပင် ငါ့ကိုသည်းခံကြပါ။

၂ – အဘယ့်ကြောင့်ဆိုသော် ငါသည် သင်တို့အပေါ် ဘုရားတရားရှိသေခြင်း၌သဝန်တို့ပါသည်၊ ငါသည် သင်တို့ကို ခင်ပွန်းတဦးနှင့်ထိမ်းမြားစေခဲ့ပြီဖြစ်သည်၊ ထိုသို့ဖြင့် ငါသည်သင်တို့ကို ခရစ်တော်ထံ စင်ကြယ်သောအပျို့ကဲ့သို့ ပေးအပ်နိုင်မည်ဖြစ်သည်။

၃ – သို့သော် မြွေသည် ဧဝကို သူ၏ပါးနပ်ခြင်းဖြင့် လှည့်ဖြားသကဲ့သို့၊ တနည်းနည်းဖြင့် သင်တို့စိတ်များထဲရှိ ခရစ်တော်အားဖြင့်ရှိကြသော ရိုးသားခြင်းကို ပျက်ဆီးစေဦးမည်ဟု ငါကြောက်ရွံ့ပါသည်။

၄ – အကယ်၍ တစုံတဦးက ငါတို့မဟောပြောသော အခြားယေရှုကို ဟောပြောလျှက် လာသည်ဆိုလျှင်၊ (သို့) သင်တို့က လက်မခံခဲ့ဘူးသည့် တခြားဝိညာဉ်ကို လက်ခံကြသည်ဆိုလျှင်၊ (သို့) သင်တို့လက်ခံမရရှိဘူးသည့် အခြားသောဧဝံဂေလိတရားကို လက်ခံရသည်ဆိုလျှင်၊ သင်သည် ထိုသူ့ကို သည်းခံကောင်းသည်းခံနိုင်ပါမည်။

၅ – အဘယ့်ကြောင့်ဆိုသော် ငါသည် အကြီးဆုံးတမန်တော်များထက် စိုးစဉ်းမျှ အဆင့်နိမ့်သူမဟုတ်ပါ။

၆ – သို့သော် ငါသည် စကားပြောဆိုခြင်း၌ ကြမ်းတတ်သော်လည်း၊ အသိပညာ၌ ထိုသို့မဟုတ်ပါ၊ သင်တို့ကြားတွင် အရာအားလုံးအတွက် ပြည့်စုံစွာ ပေါ်ပြခဲ့ကြပြီးဖြစ်ပါသည်။

၇ – သင်တို့ကို ချီးမြှောက်ဖို့ရန် ငါသည် မိမိကိုယ်ကို နှိမ့်ချခြင်း၌ သင်တို့ကို စိတ်အနှောက်အယှက်ဖြစ်စေပါသလော? သင်တို့ထံ ငါသည် ဘုရားသခင် ၏ဧဝံဂေလိတရားကို အဖိုးအခမဲ့ ဟောခြင်းကြောင့်လော?

၈ – ငါသည် သင်တို့ထံထိုသို့အမှုဆောင်နိုင်ရန် အခြားအသင်းတော်များကို ဓါးပြတိုက်သလို၊ အထောက်အပံ့ရယူခဲ့ပါသည်။

၉ – သင်တို့ထံ ငါရှိစဉ်အခါ၊ လိုအပ်ချက်များရှိနေခဲ့သော်လည်း၊ မည်သူ့ကိုမှ မတောင်းဆိုပါ၊ အဘယ့်ကြောင့်ဆိုသော် ငါ၏လိုအပ် ချက်တို့ကို မက်စီဒိုးနီးယားနိုင်ငံမှလာသော ညီအကိုများက ပံ့ပိုးကြပါသည်၊ အရာခပ်သိမ်း၌ သင်တို့ကို ဝန်ထုတ်ဝန်ပိုးမဖြစ်စေရန် ငါသည် မိမိကိုယ်ကို၌သာ သိမ်းထားပါသည်၊ ထိုသို့ပင် နောက်တွင်လည်း နေပါဦးမည်။

၁၀ – ခရစ်တော်၏အမှန်တရားသည် ငါ့ထံ၌ရှိနေသဖြင့်၊ အာခါယပြည်နယ်တလျှောက်၌ ငါ၏ထိုသို့ဝါကြွားခြင်းကို မည်သူကမျှ မတားနိုင်ပါ။

၁၁ – အဘယ်ကြောင့်နည်း? ငါ သင်တို့ကို မချစ်၍လော? ဘုရားသခင်ကသိပါသည်။

၁၂ – သို့သော် ငါလုပ်ရမည်ကို ငါလုပ်မည်ဖြစ်သည်၊ ထိုသို့ဖြင့် အခွင့်အရေးရှာနေကြသူများကို ငါ တားနိုင်မည်ဖြစ်သည်၊ ထိုအခါ သူတို့ကြွားနေသော အရာများတွင် ငါတို့သည်လည်း သူတို့နှင့်အတူတူဖြစ်ကြောင်း တွေ့ကြမည်ဖြစ်သည်။

၁၃ – ထိုသို့သော်သူများသည် မှားယွင်းသောတမန်တော်များဖြစ်ကြသည်၊ လိမ်ညာလှည့်ဖြားခြင်းများကို လုပ်ကိုင်သူများဖြစ်သည်၊ သူတို့ကိုယ်ကို ခရစ်တော်၏တမန်တော်များကဲ့သို့ အသွင်ပြောင်းကြသူများဖြစ်သည်။

၁၄ – ထိုသို့ပြောင်းလဲခြင်းကို မအံ့သြသင့်ပါ၊ အဘယ့်ကြောင့်ဆိုသော် စာတန်သည်ပင် မိမိကိုယ်ကို အလင်း၏ကောင်းကင်တမန်ကဲ့သို့ အသွင်ပြောင်းတတ်ပါသည်။

၁၅ – ထို့ကြောင့် စာတန်၏အမှုဆောင်များလည်း ဖြောင့်မတ်ခြင်း၏အမှုဆောင်များကဲ့သို့ အသွင်ပြောင်းကြခြင်းသည် သိပ်ကြီး ကျယ်သောကိစ္စမဟုတ်ပါ၊ ၎င်းတို့၏နိဂုံးသည် ၎င်းတို့၏အလုပ်များအတိုင်းဖြစ်ပါမည်။

၁၆ – ငါနောက်တခေါက်ပြန်ပြောမည်၊ မည်သူကမှ ငါ့ကို အရူးဟု မထင်ကြနှင့်၊ ထိုသို့မဟုတ်ပါက အရူးကဲ့သို့ ငါ့ကို လက်ခံကြပါ၊ ထိုသို့ဖြင့် ငါ အနည်းငယ် ကြွားနိုင်ပါမည်။

၁၇ – ငါယခုပြောမည့်အရာများသည် သခင်ဘုရားနောက်လိုက်၍ပြောသည်မဟုတ်၊ ဤစိတ်ချစွာ ဝါကြွားခြင်းကို အရူးကဲ့သို့ ပြော ခြင်းဖြစ်ပါသည်။

၁၈ – လူအများက အသွေးအသားတွင် ကြွားကြသလို၊ ငါလည်းကြွားစရာရှိပါသည်။

၁၉ – သင်တို့သည် မိမိတို့ကိုယ်ကို ပညာရှိများဟုမြင်ကြလျှက်၊ အရူးများကို ဝမ်းသာစွာ လက်ခံနေကြသောကြောင့်ဖြစ်သည်။

၂၀ – အဘယ့်ကြောင့်ဆိုသော် တစုံတဦးက သင်တို့ကို ကျွန်ဘဝသို့ ပြန်ခေါ်သွားလျှင်၊ ဖျက်ဆီးဝါးမြိုလျှင်၊ သင်တို့ထံမှ လုယူလျှင်၊ သူ့ကိုယ်သူ ချီးမြှောက်နေလျှင်၊ သင်တို့မျက်နှာကို ဖြတ်ရိုက်လျှင်၊ သင်တို့ သည်းခံနေကြသည်။

၂၁ – ငါတို့ကို သိက္ခာချကြခြင်းနှင့်ပတ်သက်၍ငါပြောမည်၊ ငါတို့သည် အားနည်းကြသူများဖြစ်သည်ဟု ပြောကြခြင်းအတွက်ဖြစ်သည်။ မည်သို့သော သူက သူသည် ထိုအရာတွင် သတ္တိရှိသည်ဟုဆိုလျှင်၊ (အရူးကဲ့သို့ငါပြောမည်)၊ ထိုအရာ၌ ငါလည်း သတ္တိရှိပါသည်။

၂၂ – သူတို့ ဟီဗရူးများမဟုတ်လော? ငါလည်း ဟုတ်ပါသည်၊ သူတို့သည် အစ္စရေးများဖြစ်ကြသလော? ငါလည်းဟုတ်ပါသည်၊ သူတို့သည် အေဗရာဟမ် ၏မျိုးနွယ်ဆက်များလော? ငါလည်းဟုတ်ပါသည်။

၂၃ – သူတို့သည် ခရစ်တော်၏အမှုဆောင်များဖြစ်ကြသေလာ? (ငါ အရူးကဲ့သို့ပြောမည်) ငါသည်သူတို့ထက်ပိုပါသည်၊ လုပ်ကိုင်ခြင်း၌ ပို၍များပြားစွာ လုပ်ကိုင်သည်၊ ကြိမ်ဒါဏ်ခံရခြင်း၌ မရေတွက်နိုင်အောင်ဖြစ်သည်၊ ထောင်ကျခြင်း၌ ပို၍မကြာခဏဖြစ်သည်၊ သေကောင်ပေါင်းလဲခံရခြင်း၊ မကြာမကြာ ဖြစ်သည်။

၂၄ – ဂျူးတို့၏ကြိမ်ဒါဏ်သုံးဆယ့်ကိုးချက်ပေးခြင်းကို ငါ ငါးကြိမ်ခံရသည်။

၂၅ – သုံးကြိမ် တင်းပုတ်နှင့်အရိုက်ခံရသည်၊ တကြိမ် ကျောက်ခဲနှင့်ပစ်သတ်ခံရသည်၊ သုံးကြိမ် သင်္ဘောပျက်ခြင်း ကြုံရသည်၊ တညနှင့်တရက် ပင်လယ် ထဲ မျောနေခဲ့သည်၊

၂၆ – မကြာခဏခရီးသွားသည်၊ ရေလမ်းခရီး၏အန္တရယ်များ၊ ဓါးပြများ၏အန္တရယ်များ၊ ငါ့နိုင်ငံသားများကပေးသောအန္တရယ်များ၊ မယုံကြည်သူများပေး သောအန္တရယ်များ၊ မြို့တော်တွင်းရှိအန္တရယ်များ၊ တောတောင်ကန္တာရများ၏အန္တရယ်များ၊ ပင်လယ်၏အန္တရယ်များ၊ ညီအကိုအတုအယောင်များ၏ အန္တရယ်များတို့ကို ခံခဲ့ရပြီ၊

၂၇ – စိုးရိမ်ပူပန်ခြင်းများ၊ နာကျင်ရခြင်းများ၊ မအိပ်ဘဲစောင့်ကြည့်နေခြင်းများ၊ စာလောင်ခြင်း၊ ရေငတ်ခြင်း၊ မကြာခဏ အငတ်ခံရခြင်း၊ အအေးလွန် ခြင်း၊ အဝတ်ဗလာဖြစ်ခြင်းများကိုလည်း ခံစားခဲ့ပြီဖြစ်သည်။

၂၈ – ထိုအပြင်ပက်မှလာသောအကြောင်းအရာများအပြင်၊ ငါ့အပေါ်သို့ နေတိုင်းရောက်လာသောအကြောင်းမှာ အသင်းတော်များအားလုံးကို ဂရုစိုက်ရ ခြင်းဖြစ်ပါသည်။

၂၉ – ငါ အားမနည်းဘဲ၊ မည်သူအားနည်းသနည်း? မည်သူသည် မကျေမနပ်ဖြစ်နေပါသနည်း၊ ငါကတော့ မလောင်ကျွမ်းသွားပါ?

၃၀ – အကယ်၍ ငါ ကြွားဝါလိုသည်မှန်လျှင်၊ မိမိ၏အားနည်းခြင်းများအပေါ် ငါကြွားဝါမည်ဖြစ်သည်။

၃၁ – အမြဲတမ်းကောင်းချီးမင်္ဂလာနှင့်ပြည့်ဝသော ငါတို့သခင်ယေရှုခရစ်၏ဖခင်ဖြစ်သူ ဘုရားသခင်က ငါမလိမ်ကြောင်းသိပါသည်။

၃၂ – ဒမတ်စကပ်မြို့တွင် ဘုရင် အေရီတပ်စ်၏ မြို့တော်ဝန်သည် ငါ့ကိုဖမ်းဆီးချင်သဖြင့် ဒမတ်စကပ်မြို့ကို အစောင့်တပ်နှင့်ပိတ် ဆို့ထားရာ၊

၃၃ – သူ့လက်မှလွတ်ရန်၊ ပြတင်းပေါက်မှနေ၍ ငါ့ကို ချင်းတောင်းဖြင့် လျှောချခဲ့ကြရပါသည်။

========================================

သခင်ဘုရား၏နေ့ (၅၁)

၁၂၆။ ပဥ္စမအသနားခံတောင်းလျှောက်ခြင်းကာအဘယ်နည်း?

***"သူတပါးသည်အကျွန်ုပ်တို့ကို ပြစ်မှားသောအပြစ်များကိုလွှတ်တော်မူသကဲ့သို့၊ အကျွန်ုပ်တို့၏အပြစ်များကိုလွှတ်တော်မူပါ"*** ဖြစ် သည်။ ဆိုလိုသည်မှာ သခင်ခရစ်တော်၏အသွေးတော်ကြောင့် ကျွန်ုပ်တို့ကဲ့သို့သော သနားစရာအပြစ်သားများအပေါ်သို့၊ ကျွန်ုပ်တို့၏ပြစ်မှားခြင်းများကို မှတ်ယူခြင်းမပြုရန် အလိုရှိတော်မူပါ။ ကျွန်ုပ်တို့၌ အစဉ်အမြဲတွယ်ကပ်နေသော အပြစ်များခြင်းအပြစ်ကိုလည်း မှတ်ယူခြင်းမရှိပါနှင့်။ ကျွန်ုပ်တို့အထဲ၌ရှိ သော ကိုယ်တော့်ကျေးဇူးတော်၏ ထိုသက်သေကို ခံစားကြရသကဲ့သို့၊ မိမိတို့အိမ်နီးချင်း၏အပြစ်များကိုလည်း ခွင့်လွှတ်ရန်သည်၊ နှလုံးသားမှချမှတ်သော

ကျွန်ုပ်တို့၏ ခိုင်မာသည့် သန္နိဋ္ဌာန်ဖြစ်ပါသည်။
(မဿဲ ၆း၁၂၊ ဆာလံ ၅၁း၁၊ ၁ယောဟ ၂း၁-၂၊ မဿဲ ၆း၁၄-၁၅)